**Karenni National Progressive Party**
**Headquarters**

**Tel**: +66-898526619, **E-mail**: knpphq2013@gmail.com
**P.O.Box**: 20, Mae Hong Son, 58000, Thailand

## (၁၂)ကြိမ်မြောက်ပါတီကွန်ကရက်၊ နှစ်ပတ်လည် ပါတီဗဟိုကော်မီတီအစည်းအဝေး
## ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
## ထုတ်ပြန်ကျေညာချက်အမှတ် (၀၂/၂၀၁၅)

၁။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ (၁၂)ကြိမ်မြောက်ပါတီကွန်ကရက်၊ ၂၀၁၄–ခုနှစ် နှစ်ပတ်လည် ပါတီဗဟိုကော်မီတီ အစည်းအဝေးအား ကရင်နီပြည် လွတ်မြောက်နယ်မြေ တစ်နေရာတွင် ၂၀၁၅–ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့မှ (၂၇) ရက်နေ့ အထိ၊ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးကြီးသို့ ပါတီအမြဲတမ်းဗဟိုကော်မတီဝင်များ၊ ပါတီဗဟိုကော်မတီဝင်များနှင့် အရံပါတီဗဟိုကော်မတီဝင်များ စုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။ နှစ်ပတ်လည်ပါတီဗဟိုကော်မီတီ အစည်းအဝေး အတွင်း ပြီးခဲ့သည့် တစ်နှစ်တာ ပါတီနှင့် ကရင်နီအစိုးရတို့မှ ဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းအစီရင်ခံစာများကို သုံးသပ် အတည်ပြုခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များအား အကြေအလည် ဆွေးနွေး၍ ချမှတ်ခဲ့ကြပါသည်။ ထို့အပြင် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအခြေအနေများနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး အခြေအနေများကိုလည်း သုံးသပ်ဆွေးနွေးခဲ့ပါသည်။

၂။ မြန်မာအစိုးရအနေဖြင့် တိုင်းရင်းသားများနှင့် ဖြစ်ပွားနေသည့်ပြဿနာများအား နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးဖြင့် အပြီးတိုင် ဖြေရှင်းခြင်း မပြုပဲ စစ်ရေးဖြင့်ဖြေရှင်းနေခြင်းနှင့် တိုင်းရင်းများအကြား သွေးကွဲစေမည့် လုပ်ရပ်များ လုပ်ဆောင်နေခြင်းများ အပေါ် ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် ပြင်းပြင်းထန်ထန် ရှုတ်ချသည်။

၃။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် ဘဝတူ အခြားတိုင်းရင်းသားများ၊ ပြည်သူများနှင့် အတူတကွ လက်တွဲ၍ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် မှန်ကန်စွာဖြေရှင်းပြီး မြန်မာပြည်တွင် စစ်မှန်သည့်ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ အမျိုးသားများ တန်းတူရေး၊ တရားမျှတရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီး ဒီမိုကရေစနစ်နှင့်အတူ အမျိုးသားပြည်နယ်များ အခြေခံသည့် ဖယ်ဒရယ်ပြည်ထောင်စုကို ရရှိသည်အထိ ခိုင်မာစွာ လုပ်ငန်းစဉ်များချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

၄။ တချိန်တည်းမှာပင် ကရင်နီ ပြည်သူလူထု၊ အမျိုးသမီး၊ လူငယ်အသင်းအဖွဲ့များနှင့် လက်တွဲ၍ ဒေသတွင်း ရေရှည်တည်တံ့ ခိုင်မြဲသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကရင်နီစာပေပြန့်ပွားရေးလုပ်ငန်းစဉ်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တက်တက်ကြွကြွ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်သည်။

၅။ ထို့အပြင် ကရင်နီအမျိုးသားတိုးတက်ရေးအနေဖြင့် လူထုစည်းရုံးရေးခရီးစဉ်များဖြင့် ပြည်သူလူထု၏ အင်အားကို တည်ဆောက်သွားမည်ဖြစ်သည့်အပြင် ကရင်နီပြည်လုံးဆိုင်ရာညီလာခံတစ်ခုအား အမြန်ဆုံးကျင်းပ၍ ကရင်နီအမျိုးသားများကြား ယုံကြည်မှုတည်ဆောက်ပြီး အနာဂတ်နိုင်ငံပြုပြင်ပြောင်းလဲရေးတွင် ကရင်နီအမျိုးသားများ၏ ဘုံရပ်တည်ချက် သဘောထား တစ်ခုကို ချမှတ်ရယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကျေညာအပ်ပါသည်။

ရက်စွဲ၊ ၂၀၁၅–ခုနှစ်၊ မတ်လ (၂)ရက်

ပါတီဗဟိုကော်မတီ
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ